**မေးလေ့ရှိသောမေးခွန်းများ**

**(၁) အလိုအလျောက် သက်တမ်းတိုး အကြိုက်ပြော+ အစီအစဉ် ဆိုတာ ဘာလဲ။**

အလိုအလျောက် သက်တမ်းတိုး **အကြိုက်ပြော+** အစီအစဉ်ဆိုသည်မှာ သက်သာသော နှုန်းထားဖြင့် MPT ဖုန်းအချင်းချင်း စိတ်ကြိုက်ခေါ်ဆိုနိုင်တဲ့ Voice ပက်ကေ့ချ်များ ဖြစ်ပါသည်။ အလိုအလျောက် သက်တမ်းတိုးရန် အဆိုပြု ဝယ်ယူထားပါက ပက်ကေ့ချ်၏ လက်ကျန် **ဖုန်းပြောမိနစ် ၁၀မိနစ် အောက်ရောက်ရှိသွားချိန် (သို့) ပက်ကေ့ချ်သက်တမ်းကုန်ဆုံးချိန်** (11:35 PM – 12:00 AM) ဝန်းကျင်တွင် အလိုအလျောက်သက်တမ်းတိုး ဝယ်ယူမည်ဖြစ်ပါသည်။ ပက်ကေ့ချ်များကို ဝယ်ယူတိုင်းမှာ **ထိပေါက်ကစားခွင့်ရရှိမှာဖြစ်ပြီး 200GB အထိ ကံစမ်းရယူနိုင်မှာ ဖြစ်ပါတယ်။**

**(၂) ဘယ်လိုအကျိုးကျေးဇူးတွေရနိုင်လဲ?**

ဖုန်းပြောနိုင်မယ့်မိနစ်တွေအတွက် စိတ်ပူစရာမလိုဘဲ လက်ကျန် **ဖုန်းပြောမိနစ် ၁၀ မိနစ် အောက်ရောက်ရှိသွားချိန် (သို့) ပက်ကေ့ချ်သက်တမ်းကုန်ဆုံးချိန်တွင်** အလိုအလျောက်သက်တမ်းတိုး ဝယ်ယူမှာဖြစ်လို့စဉ်ဆက်မပြတ် သုံးစွဲနိုင်မှာဖြစ်ပါတယ်။ မည်သည့် အကြိုက်ပြော+ ပက်ကေ့ချ် ကိုမဆိုဝယ်ယူပါက **MPT အချင်းချင်း** ဖုန်းခေါ်ဆိုနိုင်မှာဖြစ်ပြီး (special / premium / call center / VAS related numbers မပါဝင်ပါ) ပက်ကေ့ချ်များကို ဝယ်ယူတိုင်းမှာ **200GB အထိ ကံထူးနိုင်သည့် ထိပေါက်ကံစမ်းခွင့်**ကို ရရှိမှာဖြစ်ပါတယ်။

<table>
<tr><th rowspan="2">ဈေးနှုန်း (ကုန်သွယ်ခွန်ပါဝင်ပြီး)</th><th rowspan="2">မိနစ်များ</th><th rowspan="2">သက်တမ်း</th><th colspan="3">ရယူနိုင်သည့်နည်းလမ်းများ</th><th colspan="2">Auto Renew ပယ်ဖျက်ရန်နည်းလမ်းများ</th></tr>
<tr><th>Direct USSD</th><th>Common USSD</th><th>အခြားနည်းလမ်းများ</th><th>Direct USSD</th><th>Common USSD</th></tr>
<tr><td>၉၆၇ ကျပ်</td><td>၇၅ မိနစ်</td><td>၇ ရက်</td><td>*600*3*3#</td><td rowspan="3">*106# (or) *600#</td><td rowspan="3">MPT4U App (or) MPT Pay (or) CRM Portal (or) DMS App</td><td>*600*3*4#</td><td rowspan="3">*2123#</td></tr>
<tr><td>၁၉၁၇ ကျပ်</td><td>၁၅၀ မိနစ်</td><td>၃၀ ရက်</td><td>*600*2*3#</td><td>*600*2*4#</td></tr>
<tr><td>၃၉၁၇ ကျပ်</td><td>၃၁၀ မိနစ်</td><td>၉၀ ရက်</td><td>*600*1*3#</td><td>*600*1*4#</td></tr>
</table>

**(၃) အစီအစဉ်ကို မည်သူတွေ ဝယ်ယူအသုံးပြုနိုင်ပါသလဲ?**

MPT GSM/WCDMA prepaid/postpaid (ဆွေသဟာ နှင့် Base Tariff) အစီအစဉ်အသုံးပြုနေသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။

**(၄) အစီအစဉ်ကို ရယူရန် မည်သို့လုပ်ဆောင်ရမည်နည်း?**

အလိုအလျောက် သက်တမ်းတိုးပက်ကေ့ချ် ကို *600# သို့ဖုန်းခေါ်ဆို ၍လည်းကောင်း၊ MPT4U App (သို့) MPT Pay မှ လည်းကောင်း၊ MPT CRM Portal (သို့) DMS App မှတဆင့် ဝယ်ယူနိုင်ပါသည်။ MPT4U Application မှ ဝယ်ယူမယ်ဆိုရင် **"အလိုအလျောက်သက်တမ်းတိုးပက်ကေ့ချ်" page** မှတဆင့်ဝယ်ယူနိုင်သလို **"ပက်ကေ့ချ်ဝယ်ယူခြင်း" page** မှတဆင့် ဝင်ရောက်ကာ မိမိကြိုက်နှစ်သက်ရာ ပက်ကေ့ချ်အား ရွေးချယ် ဝယ်ယူနိုင်ပါသည်။ အလိုအလျောက် သက်တမ်းတိုး ပက်ကေ့ချ် ကို MPT4U တွင် ဝယ်ယူအသုံးပြုရန် iOS Version 1.4.10 နှင့် Android Version 4.4.1 ရှိရန်လိုအပ်ပါသည်။

**(၅) ပက်ကေ့ချ်ဈေးနှုန်းများမှာ အခွန်ပါဝင်ပြီးဖြစ်ပါသလား?**

ပက်ကေ့ချ်ဈေးနှုန်းများမှာ အခွန် ၅% ပါဝင်ပြီးဖြစ်ပါတယ်။

**(၆) လက်ကျန်ပမာဏကို ဘယ်လိုစစ်ဆေးနိုင်မှာလဲ?**

*224# သို့ဖုန်းခေါ်ဆို၍လည်းကောင်း(သို့) MPT4U App မှတဆင့် လည်းကောင်း စစ်ဆေးကြည့်နိုင်ပါသည်။

**(၇) အကြိုက်ပြော + ပက်ကေ့ချ် များကို ဝယ်ယူပြီး ထိပေါက်အစီအစဉ်တွင် ပါဝင်ကံစမ်း နိုင်ပါသလား?**

ဟုတ်ကဲ့ ရပါတယ်။ ပက်ကေ့ချ်များကို ဝယ်ယူတိုင်းမှာ **ထိပေါက်ကစားခွင့်ရရှိမှာဖြစ်ပြီး 200GB အထိ ကံစမ်းရယူနိုင်မှာ ဖြစ်ပါတယ်။**

**(၈) အလိုအလျောက်သက်တမ်းတိုး အကြိုက်ပြော + ကို အကြိမ်အရေအတွက် ဘယ်လောက်ထိ ဝယ်ယူနိုင်မှာလဲ?**

- အကြိမ်အရေအတွက်အကန့်အသတ်မရှိ ဝယ်ယူနိုင်မည်ဖြစ်ပြီး ဖုန်းပြောမိနစ်များ ပေါင်းစည်း သွားမည့်အပြင် အရှည်ဆုံး ပက်ကေ့ချ် သက်တမ်းအတိုင်း အသုံးပြုနိုင်မည်ဖြစ်ပါသည်။
- ဖုန်းပြောမိနစ် **ပမာဏတူညီသော** Auto renewal packs များကို အကြိမ်အရေအတွက်အကန့်အသတ်မရှိ ဝယ်ယူနိုင်မည်ဖြစ်ပြီး ဖုန်းပြောမိနစ်များ ပေါင်းစည်းသွားမည့်အပြင် ပက်ကေချဲ့သက်တမ်းကို အရှည်ဆုံး ပက်ကေ့ချ် ၏ သက်တမ်းအတိုင်း အသုံးပြုနိုင်မည်ဖြစ်ပါသည်။ ပက်ကေ့ချ်၏ ဖုန်းပြောမိနစ် **၁၀မိနစ်** အောက် ရောက်ရှိသွားချိန် (သို့မဟုတ်) **ပက်ကေ့ချ်သက်တမ်းကုန်ဆုံးချိန်**တွင် အဆိုပြုထားသည့် အတိုင်း အလို အလျောက် သက်တမ်းတိုး ဝယ်ယူပါမည်။
- **ပုံမှန် အကြိုက်ပြော** + ပက်ကေ့ချ် ဝယ်ယူပြီး **အလိုအလျောက်သက်တမ်းတိုး အကြိုက်ပြော** + ပက်ကေ့ချ်ထပ်မံ ဝယ်ယူသည်ဖြစ်စေ၊ **အလိုအလျောက် သက်တမ်းတိုး အကြိုက်ပြော** + ပက်ကေ့ချ် ဝယ်ယူပြီး ပုံမှန် အကြိုက်ပြော+ ပက်ကေ့ချ် ထပ်မံ ဝယ်ယူသည် ဖြစ်စေ ပက်ကေ့ချ် များကို အကြိမ်အရေအတွက် အကန့်အသတ် မရှိ ဝယ်ယူနိုင်ပြီး ဖုန်းပြောမိနစ်များ ပေါင်းစည်းသွားမည့် အပြင် အရှည်ဆုံးပက်ကေ့ချ်၏ သက်တမ်းအတိုင်း အသုံးပြုနိုင်မည်။ ပက်ကေ့ချ်၏ ဖုန်းပြောမိနစ် **၁၀မိနစ်**

အောက် ရောက်ရှိသွားချိန် (သို့မဟုတ်) ပက်ကေ့ချ် သက်တမ်း ကုန်ဆုံးချိန်တွင် အဆိုပြုထားသည့် အတိုင်း အလိုအလျောက် သက်တမ်းတိုး ဝယ်ယူပါမည်။

**(၉) ၉၆၇ ကျပ်တန် အလိုအလျောက်သက်တမ်းတိုး ပက်ကေ့ချ် ဝယ်ယူထားပါတယ်။ ၁၉၅၇ ကျပ်တန် Regular ကြိုက်ရာခေါ်ပက်ကေ့ချ် ကို ထပ်မံဝယ်ယူလို့ရပါသလား?**

ရပါတယ်။ **အလိုအလျောက်သက်တမ်းတိုး** ပက်ကေ့ချ် ဝယ်ယူပြီး Regular **ကြိုက်ရာခေါ်** ပက်ကေ့ချ်များကို အကြိမ် အရေအတွက် အကန့်အသတ်မရှိ ထပ်မံဝယ်ယူနိုင်ပါတယ်။ ဝယ်ယူထားသော ဖုန်းပြောမိနစ် များ ပေါင်းစည်း သွားမည့် အပြင် အရှည်ဆုံး ပက်ကေ့ချ်၏ သက်တမ်းအတိုင်း အသုံးပြုနိုင်ပါတယ်။ ပက်ကေ့ချ်၏ လက်ကျန်ပမာဏ **၁၀မိနစ်** အောက် ရောက်ရှိသွားချိန် (သို့မဟုတ်) ပက်ကေ့ချ်သက်တမ်း ကုန်ဆုံးချိန်တွင် အဆိုပြုထားသည့် အတိုင်း အလိုအလျောက် သက်တမ်းတိုး ဝယ်ယူပါမည်။

**(၁၀) ၉၆၇ ကျပ်တန် အလိုအလျောက်သက်တမ်းတိုး ပက်ကေ့ချ် ဝယ်ယူထားပါတယ်။ အလိုအလျောက်သက်တမ်းတိုး ပက်ကေ့ချ် ကို ထပ်မံဝယ်ယူလို့ရပါသလား?**

ရပါတယ်။ ဖုန်းပြောမိနစ် ပမာဏ တူညီသော Auto renewal packs များကို အကြိမ် အရေအတွက် အကန့်အသတ်မရှိ ဝယ်ယူနိုင်မည်ဖြစ်ပြီး ဖုန်းပြောမိနစ်များ ပေါင်းစည်းသွားမည့်အပြင် ပက်ကေ့ချ် သက်တမ်း ကို အရှည်ဆုံး ပက်ကေ့ချ်၏ သက်တမ်းအတိုင်း အသုံးပြု နိုင်ပါတယ်။ ပက်ကေ့ချ်၏ လက်ကျန် ပမာဏ **၁၀မိနစ်** အောက်ရောက်ရှိသွားချိန် (သို့မဟုတ်) ပက်ကေ့ချ်သက်တမ်း ကုန်ဆုံးချိန်တွင် အဆိုပြုထားသည့် အတိုင်း အလိုအလျောက် သက်တမ်းတိုး ဝယ်ယူပါမည်။

**(၁၁) မတူညီသောအလိုအလျောက်သက်တမ်းတိုး ပက်ကေ့ချ်ကို ထပ်မံဝယ်ယူလို့ရပါသလား?**

လက်ရှိဝယ်ယူထားသော အလိုအလျောက်သက်တမ်းတိုးပက်ကေ့ချ်များအား UNSUBSCRIBE ပြုလုပ်ရန် မလိုအပ်ပဲအခြားသော
နှုန်းထားပိုမြင့်သည့် အလိုအလျောက်သက်တမ်းတိုးပက်ကေ့ချ်များကို ထပ်မံဝယ်ယူနိုင်ပြီး နှုန်းထားပိုနည်းသော အလိုအလျောက်သက်တမ်းတိုးပက်ကေ့ချ်များအား ထပ်မံဝယ်ယူရန် လက်ရှိဝယ်ယူထားသော အလိုအလျောက်သက်တမ်းတိုးပက်ကေ့ချ်ကို UNSUBSCRIBE လုပ်ပေးရန်လိုအပ်ပါသည်။

| Auto Renew A Kyite Pyaw+ Packs | 967 Ks | 1917 Ks | 3917 Ks |
|---|---|---|---|
| **967 Ks** | Y | Y | Y |
| **1917 Ks** | N | Y | Y |
| **3917 Ks** | N | N | Y |

Y: လက်ရှိဝယ်ယူထားသော အလိုအလျောက်သက်တမ်းတိုးပက်ကေ့ချ်များအား UNSUBSCRIBE ပြုလုပ်ရန် မလိုအပ်ပဲ ထပ်မံဝယ်ယူနိုင်ပါသည်။

N: ထပ်မံဝယ်ယူရန် လက်ရှိဝယ်ယူထားသော အလိုအလျောက်သက်တမ်းတိုးပက်ကေ့ချ်ကို UNSUBSCRIBE လုပ်ပေးရန်လိုအပ်ပါသည်။

**(၁၂) လက်ကျန် balance ၁၀မိနစ် ထိမရောက်ရှိ သေးသော်လည်း ပက်ကေ့ချ် သက်တမ်းကုန်ဆုံး သွားပါက ဘယ်လိုဖြစ်သွားမှာလဲ?**

လက်ကျန် **balance ၁၀မိနစ်** ထိမရောက်ရှိသေးသော်လည်း ပက်ကေ့ချ် သက်တမ်းကုန်ဆုံးသွားပါက အဆိုပြုထားသည့် အတိုင်း အလိုအလျောက် သက်တမ်းတိုး ဝယ်ယူမည်ဖြစ်ပါသည်။

**(၁၃) အလိုအလျောက် ပက်ကေ့ချ်သက်တမ်းတိုးရာ၌ လက်ကျန်ငွေ မလုံလောက်ပါက ဘယ်လိုဖြစ်သွားမှာလဲ?**

အလိုအလျောက်ပက်ကေ့ချ်သက်တမ်းတိုးဖို့ ငွေလက်ကျန် မလုံလောက်ပါက Auto renewal service သည် ခေတ္တ ရပ်တန့်သွားမှာဖြစ်ပြီး သုံးစွဲသူမှ ဖုန်းငွေဖြည့်ခြင်း/ ချေးငွေအသုံးပြုခြင်း/ ငွေလွှဲခြင်း နည်းလမ်းများဖြင့် ငွေထပ်မံဖြည့်သွင်းနိုင်သည်။ အဆိုပါ သတ်မှတ် ထားသော နည်းလမ်းများအတိုင်း ပက်ကေ့ချ်သက်တမ်းကုန်ဆုံးပြီး (၇ရက်)အတွင်း နောက်ဆုံးထား၍ ဖုန်းငွေထပ်မံဖြည့်သွင်းမှသာ ပက်ကေ့ချ်ကို ဆက်လက်အသုံးပြုနိုင်မည်။

**(၁၄) ဘယ်အချိန်မှာ Auto Renew Function လုံးဝရပ်တန့်သွားမှာလဲ?**

သုံးစွဲသူမှ ပက်ကေ့ချ် သက်တမ်း ကုန်ဆုံးပြီးနောက် (၇) ရက်အတွင်း တိုင်အောင် ငွေထပ်မံ ဖြည့်သွင်းခြင်း မရှိပါက Auto Renew Function ကို ဆက်လက် အသုံးမပြုနိုင်ပါ။ အသုံးပြုသူမှ **Auto Renew service** ကို ပြန်လည် အသုံးပြုလိုပါကပက်ကေ့ချ်ကို ထပ်မံ ဝယ်ယူပြီးမှ အသုံးပြုနိုင်ပါသည်။

**(၁၅) လက်ကျန် ၁၀မိနစ် အောက် မရောက်ရှိခင် Autorenewal ပက်ကေ့ချ် ကို Unsubscribe လုပ်မိရင် လက်ကျန် ဖုန်းပြောမိနစ်များကို ဆက်လက် သုံးလို့ရမှာလား?**

**ရပါတယ်။** ပက်ကေ့ချ်သက်တမ်းမကုန်ခင် Auto-renewal ပက်ကေ့ချ်ကို UNSUBSCRIBE (ရပ်တန့်) လိုက်ပါက ကျန်ရှိနေသော ဖုန်းပြောမိနစ်များ ကို ပက်ကေ့ချ် သက်တမ်း ကုန်ဆုံးသည်အထိ အသုံးပြုနိုင်ပါသည်။ သို့သော် Unsubscribe ပြုလုပ်သည်နှင့် Auto renewal function ကို အသုံးမပြုနိုင်တော့ပါ။

**(၁၆) အလိုအလျောက် သက်တမ်းတိုး ပက်ကေ့ချ် နှစ်ခု အကြိုက်ပြော+ နှင့် ကြိုက်ရာခေါ်ကို ဝယ်ယူထားပါတယ်။ ဘယ်ပက်ကေ့ချ်က အရင်သက်တမ်းတိုးမှာလဲ?**

အလိုအလျောက် သက်တမ်းတိုး **အကြိုက်ပြော+ နှင့် ကြိုက်ရာခေါ် ပက်ကေ့ချ် များကို** ဝယ်ယူထားပြီး တူညီသော နေ့ရက်တွင် အလိုအလျောက် သက်တမ်းတိုး ရမည်ဖြစ်ပါက လက်ကျန်ဖုန်းဘေလ် လုံလောက်စွာ ရှိနေမယ်ဆိုရင် ပက်ကေ့ချ် နှစ်ခုလုံးသည် တပြိုင်နက်တည်း သက်တမ်းတိုး မှာဖြစ်ပါသည်။ လက်ကျန် ဖုန်းဘေလ်သည် ပက်ကေ့ချ်တစ်ခုစာ သာကျန်ရှိပါက ကျပန်းစနစ်ဖြင့်သာ သက်တမ်းတိုးမှာဖြစ်ပါသည်။ ဥပမာ။ ။ သုံးစွဲသူက ငွေ ၁၀၀၀ ကျပ် ဖြည့်မယ်ဆိုလျှင် ပက်ကေ့ချ်တစ်ခုကိုသာ သက်တမ်းတိုးနိုင်မှာဖြစ်သောကြောင့် ကျပန်းစနစ်အရ ၉၇၇ ကျပ် တန်အလိုအလျောက် **ကြိုက်ရာခေါ်** ပက်ကေ့ချ် (သို့မဟုတ်) ၉၆၇ကျပ် တန် **အကြိုက်ပြော +** ပက်ကေ့ချ်တစ်ခုသာ အရင်သက်တမ်းတိုးမည်ဖြစ်သည်။

**(၁၇) ယခင် ၇ရက်သုံး ပုံမှန် အကြိုက်ပြော+ ပက်ကေ့ချ် ဝယ်ယူထား ပါတယ် မိနစ် သက်တမ်းကျန်ရှိနေချိန်မှာ နောက်ထပ် အလိုအလျောက် သက်တမ်းတိုး ၃၀ရက်သုံး အကြိုက်ပြော+ Voice Pack ထပ်မံဝယ်ယူ လိုက်ပါတယ် ဘယ်လိုဖြစ်မှာလဲ။**

ယခင် ဝယ်ယူထားသော ၇ရက်သုံး ပုံမှန် အကြိုက်ပြော+ Voice ပက်ကေ့ချ် နှင့် နောက်ထပ် အသစ် ဝယ်ယူထားသော အလိုအလျောက် သက်တမ်းတိုး ၃၀ရက်သုံး အကြိုက်ပြော+ Voice ပက်ကေ့ချ် ရဲ့ မိနစ် အချင်းချင်း ပေါင်းစည်း၍ အလိုအလျောက် သက်တမ်းတိုး ၃၀ရက်သုံး အကြိုက်ပြော+ Voice ပက်ကေ့ချ် ၏ သက်တမ်းအတိုင်း အသုံးပြု နိုင်မှာဖြစ်ပါတယ်။ ပက်ကေ့ချ် ၏ voice မိနစ် ပမာဏ ကုန်ဆုံးသွားသည့်အခါ (သို့မဟုတ်) သက်တမ်းကုန်ဆုံး သွားသည့် အခါ အသုံးပြုသူ ထံတွင် လုံလောက်သော ငွေကြေးပမာဏ ရှိလျှင် အလိုအလျောက် သက်တမ်းတိုး ၃၀ရက်သုံး အကြိုက်ပြော+ Voice ပက်ကေ့ချ်အသစ် ထပ်မံဝယ် ယူသွားလိမ့်မည် ဖြစ်ပါသည်။

**(၁၈) အလိုအလျောက်သက်တမ်းတိုး အကြိုက်ပြော + ပက်ကေ့ချ် ကို တခြားသူများသို့ လက်ဆောင်ပေးလို့ ရပါသလား?**

အလိုအလျောက်သက်တမ်းတိုး ပက်ကေ့ချ်များကို တခြားသူများသို့ လက်ဆောင်ပေး၍မရပါ။